IOM UN MIGRATION

PROMISE
POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC



# ကိုဗစ်-၁၉ ကြောင့် အလုပ်အကိုင်ထိခိုက်ကြရသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အကြံပြုချက်များ

## ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သင်သည်ပူပန်နေပါသလား။

**ရောဂါကူးစက်နိုင်သော အန္တရာယ်ကို လျှော့ချနိုင်သည့် ရိုးရှင်းသော နည်းလမ်းများ**

အောက်ပါလက္ခဏာများရှိသောသူ မည်သူနှင့်မဆိုထိတွေ့မှုမရှိအောင်ရှောင်ကြဉ်ပါ။ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း သို့မဟုတ် ၃၇.၅ ဒီဂရီစင်တီဂရိတ် အထက် ကိုယ်ပူခြင်း။

သင့်မျက်လုံး၊ နှာခေါင်းနှင့်ပါးစပ်တို့အား ထိတွေ့ကိုင်တွယ်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာအောင်မကြာခဏဆေးကြောပေးပါ သို့မဟုတ် အရက်ပြန်ပမာဏ အနည်းဆုံး ၇၀% ပါသောရေမလိုလက်သန့်ဆေးရည်ဖြင့် ဆေးကြောပေးပါ။

သင် သို့မဟုတ် သင့်ပတ်ဝန်းကျင်ရှိ တစ်ဦးဦးတွင်အထက်တွင်ဖော်ပြခဲ့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍တွေ့ရပါက သန့်ရှင်းမှုရှိသော ပါးစပ်နှင့်နှာခေါင်းစည်းတပ်ထားပါ။ အများပြည်သူသွားလာတတ်သော နေရာများကိုရှောင်ပါ။ ကျန်းမာရေးဝန်ထမ်းများထံမှ အကြံညာဏ်ရယူပါ။

သတင်းအချက်အလက်များအား အခြားသူများကိုလည်းဝေမျှပါ၊ သို့မှသာ ၎င်းတို့သည်လည်း အခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိပြီး သတင်းအချက်အလက်အမှားများ ပြန်လည်ဝေမျှခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ တရားဝင်နောက်ဆုံးရသတင်းအချက်အလက်များကို သိရှိလိုပါက ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနအင်တာနက်စာမျက်နှာ https://ddc.moph.go.th တွင် ထိုင်းဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့်လည်းကောင်း၊ မြန်မာကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် မြန်မာဘာသာဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယား ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနအင်တာနက်စာမျက်နှာ www.cdcmoh.gov.kh တွင်လည်းကောင်း၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနအင်တာနက်စာမျက်နှာ www.covid19.gov.la တွင် လည်းကောင်း ကြည့်ရှုနိုင်ပါသည်။

## သင်သည်နေရပ်သို့ပြန်ရန် စဉ်းစားနေပါသလား။

**ယခုအချိန်အခါ တွင် ခရီးသွားလာခြင်းသည် အန္တရာယ် အမြောက်အများ ရှိနိုင်သည်ဆိုသည်ကို သင်သိပါသလား။**

အများအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်သွားလာရာတွင် လူစုလူဝေးရှိသောနေရာများကို ဖြတ်ကျော်သွားလာရခြင်းများရှိတတ်ပြီး ချောင်းဆိုးခြင်း၊ နှာချေခြင်းနှင့် ရောဂါပိုးရှိနေသောအရာဝတ္ထု မျက်နှာပြင်များကို ထိတွေ့ကိုင်တွယ်မိခြင်းတို့မှ တစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်စေနိုင်ပါသည်။

အကယ်၍လူတစ်ဦးသည်ရောဂါပိုးကူးစက်ခံရပါက ကိုဗစ်-၁၉ ရောဂါပိုးအား လုပ်ငန်းခွင်အပါအဝင် အခြားသူများထံသို့ ဖြန့်ဝေသကဲ့သို့ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

ကိုဗစ်-၁၉ ကြောင့်နယ်စပ်ဖြတ်ကျော်ရေးဂိတ်များလည်း ပိတ်ကောင်းပိတ်နိုင်သည်ဖြစ်ရာ ယင်းက ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်၍ အလုပ်လုပ်ကိုင်မည့် သင့်အပေါ်သို့ သက်ရောက်မှုရှိနိုင်ပါသည်။

အချို့သောလေကြောင်းလိုင်းများနှင့် နယ်စပ်ဖြတ်ကျော်သွားလာမှုများသည်လည်း ရုတ်တရက်ရပ်နားခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာပိတ်ထားခြင်းတို့ ဖြစ်နိုင်ပါသည်။ လုပ်ငန်းလည်ပတ်မှုနှင့် နယ်စပ်ဖြတ်ကျော် ထိန်းချုပ်မှု လုပ်ငန်းများမှာ နေရပ်ဒေသအသီးသီးအလိုက် ကွဲပြားကောင်းကွဲပြားနိုင်ပါသည်။ အကြံညာဏ်များနှင့်သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီရရှိနေရန် သက်ဆိုင်ရာသံရုံး သို့မဟုတ် ကောင်စစ်ဝန်နှင့် ဆက်သွယ်ပါ။

ထိုင်းနိုင်ငံမှထွက်ခွာပြီးနောက်ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နိုင်ငံတွင်းသို့ တစ်ကြိမ်ဝင်ရောက်မှုအတွက်တရားဝင်ကောက်ခံကြေးမှာ ထိုင်းဘတ် ၁၀၀၀ ဖြစ်ပြီး တစ်ကြိမ်ထက်ပိုသော ဝင်ရောက်မှုအတွက် ထိုင်းဘတ် ၃၈၀၀ ဖြစ်ပါသည်။

**အကြံပြုချက်**

ယခုအချိန်ကဲ့သို့ မရေရာမှုများရှိနေသောအချိန်တွင် လိုအပ်မှသာခရီးသွားလာမှုပြုကြရန်နှင့် သင်ကိုယ်တိုင်နှင့်သင့်ပတ်ဝန်းကျင်အတွက် လုံခြုံစိတ်ချရသောအခြေအနေသို့ရောက်မှသာလျှင် အပန်းဖြေခရီးအတွက် အစီအစဉ်ပြုလုပ်ကြရန် အကြံပြုလိုပါသည်။ အကယ်၍ သင်သည်အိမ်သို့ပြန်ရန်မဖြစ်မနေလိုအပ်လာပါက သတင်းအချက်အလက်များနှင့်အကူအညီရယူရန်အတွက် သက်ဆိုင်ရာသံရုံးသို့မဟုတ်ကောင်စစ်ဝန်အား ဆက်သွယ်ပါ။

# သင်ဟာ COVID-19 ကူးစက်ရောဂါကြောင့် အလုပ်အကိုင်ထိခိုက်မှုရှိသော ရွှေ့ပြောင်းလုပ်သားတစ်ဦးလား။ အပိုင်း (၃)

## သင်သည်လူမှုဖူလုံရေးရန်ပုံငွေအားဖြင့် အာမခံရရှိနေပါသလား။

လွန်ခဲ့သော ၁၅ လအတွင်းတွင် လူမှုဖူလုံရေးရန်ပုံငွေသို့ ၆ လ ထက်မနည်းပါဝင်ထည့်ဝင်ထားပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့ ရှောင်လွှဲမရသည့်အခြေအနေများကြောင့် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးထားသော အလုပ်သမားများသည် နစ်နာကြေးအစီအစဉ်အမျိုးမျိုးကို ခံစားခွင့်ရှိပါသည်(၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၇ ရက်အရ လက်ရှိပေးအပ်နေသောအစီအစဉ်များ)။ နစ်နာကြေး အစီအစဉ်အသေးစိတ်ကို အောက်တွင်အနှစ်ချုပ်ဖော်ပြပေးထားပါသည် -

- ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကြောင့် အသွားအလာကန့်သတ်ခံထားရသောသို့မဟုတ် မမျှော်လင့်သောဖြစ်ရပ်များ ကြုံတွေ့နေကြသော (ရွှေ့ပြောင်းလုပ်သားများအပါအဝင်) အလုပ်သမားများသည် အခြေခံလစာ၏ ၆၂ ရာခိုင်နှုန်းမှ အစပြု၍ တစ်လလျှင် ဘတ် ၉၃၀၀ ထက် မပိုသောပမာဏအထိရှိသော အကျိုးခံစားခွင့်ကို ရက် ၉၀ အထိခံစားခွင့်ရှိပါသည်။
- (ရွှေ့ပြောင်းလုပ်သားများအပါအဝင်) ထိုင်းနိုင်ငံတော်အစိုးရမှဆိုင်းငံ့ထားသော စီးပွားရေးလုပ်ငန်းများ၊ ဥပမာ အဖျော် ယမကာဆိုင်များနှင့်ဖျော်ဖြေရေး ဆိုင်များတွင်လုပ်ကိုင်နေကြသူများသည် အခြေခံလစာ၏ ၆၂ ရာခိုင်နှုန်းမှ အစပြု၍ တစ်လလျှင် ဘတ် ၉၃၀၀ ထက်မပိုသော ပမာဏအထိရှိသော အကျိုးခံစားခွင့်ကို ရက် ၉၀ အထိ ခံစားခွင့်ရှိပါသည်။
- (ရွှေ့ပြောင်းလုပ်သားများအပါအဝင်) အလုပ်ရှင်မှ အလုပ်ရပ်နားခြင်းခံလိုက်ရသော အလုပ်သမားများသည် အခြေခံလစာ၏ ၇၀ ရာခိုင်နှုန်းမှအစပြု၍ တစ်လလျှင် ဘတ် ၁၀၅၀၀ ထက်မပိုသော ပမာဏအထိရှိသော အကျိုးခံစားခွင့်ကို ရက်ပေါင်း ၂၀၀ အထိ ခံစားခွင့်ရှိပါသည်။
- (ရွှေ့ပြောင်းလုပ်သားများအပါအဝင်) အလုပ်မှနုတ်ထွက်သွားသော အလုပ်သမားများသည် အခြေခံလစာ၏ ၄၅ ရာခိုင်နှုန်းမှ အစပြု၍ တစ်လလျှင် ဘတ် ၆၇၅၀ ထက်မပိုသော ပမာဏအထိရှိသောအကျိုးခံစားခွင့်ကိုရက်ပေါင်း၉၀အထိခံစားခွင့်ရှိပါသည်။
- အလုပ်သမားများနှင့်အလုပ်ရှင်များသည် https://www.sso.go.th တွင် မှတ်ပုံတင်စာရင်းသွင်းထားရပါမည်။

## သင့်တွင် သင့်အလုပ်ရှင်နှင့် ပြေပြေလည်လည် ဖြေရှင်း၍မရနိုင်သော ဥပဒေဆိုင်ရာ ပြဿနာတစ်စုံတစ်ရာရှိပါသလား။

သင်သည် သင်အလုပ်လုပ်ကိုင်သောဒေသ သို့မဟုတ် တရားရုံးမှခွင့်ပြုပါက သင့်အလုပ်ရှင်နေထိုင်ရာဒေသရှိအလုပ်သမားရေးရာစုံစမ်းစစ်ဆေးသူ သို့မဟုတ် အလုပ်သမားရေးရာတရားရုံးမှတဆင့် မကျေနပ်ချက်များကို တိုင်ကြားနိုင်ပါသည်။

အလုပ်သမားဝန်ကြီးဌာန၏ အရေးပေါ်ဆက်သွယ်နိုင်သောဖုန်းနံပါတ် ၁၅၀၆ သို့ ခေါ်ဆိုပြီး ခမာ၊ လာအိုနှင့် မြန်မာ ဘာသာစကားတို့ဖြင့်အကူအညီရယူနိုင်ရန် လိုင်းခွဲနံပါတ် ၂ ကို နှိပ်ပါ။

သင့်အနေဖြင့် အမှုတွဲကို သင့်အစား တရားရုံးသို့ တင်ပြပေးရန် အစိုးရအရာရှိတစ်ဦးဦး သို့မဟုတ် အလုပ်သမားရေးရာအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့ကို တရားရုံးဆိုင်ရာအခကြေးငွေပေးရန်မလိုအပ်ဘဲ အကူအညီရယူနိုင်ပါသည်။

## သင်သည်အချိန်ပြည့်အလုပ်လုပ်ပါသလား။

အကယ်၍ သင်သည် အချိန်ပြည့်အလုပ်လုပ်ပါက အလုပ်ရှင်တစ်ဦးတည်းထံတွင် အနည်းဆုံးရက်ပေါင်း ၁၂၀ ဆက်တိုက် အလုပ်လုပ်ကိုင်ပြီးနောက် သင့်အလုပ်ရှင်မှစာချုပ်သက်တမ်းမစေ့မီ အလုပ်ရပ်ဆိုင်းလိုက်သောအချိန်တွင် စာချုပ် ရပ်ဆိုင်းလျော်ကြေးငွေ ခံစားပိုင်ခွင့်ရှိပါသည်။

- လုပ်သက်ရက်ပေါင်း ၁၂၀၊ သို့သော် တစ်နှစ်အောက်ဖြစ်ပါက - ရက်ပေါင်း ၃၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ
- လုပ်သက် ၁-၃ နှစ် - ရက်ပေါင်း ၉၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ
- လုပ်သက် ၃-၆ နှစ် - ရက်ပေါင်း ၁၈၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ
- လုပ်သက် ၆-၁၀ နှစ် - ရက်ပေါင်း ၂၄၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ
- လုပ်သက် ၁၀-၂၀ နှစ် - ရက်ပေါင်း ၃၀၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ
- လုပ်သက် ၂၀ နှစ်အထက် - ရက်ပေါင်း ၄၀၀ နှင့်ညီမျှသောပုံမှန်လုပ်အားခ

သင်သည် စာချုပ်ရပ်ဆိုင်းလျော်ကြေးငွေခံစားပိုင်ခွင့်ရှိမရှိ မသေချာပါက အလုပ်သမားဝန်ကြီးဌာန၏ အရေးပေါ်ဆက်သွယ်နိုင်သောနံပါတ် ၁၅၀၆ မှတဆင့် အလုပ်သမားကာကွယ်ရေးနှင့် ဖူလုံရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ပါသည်။

အကယ်၍သင်သည် ခမာ၊ လာအို သို့မဟုတ် မြန်မာဘာသာပြောဆိုသူနှင့်စကားပြောလိုပါက ဖုန်းခေါ်ဆိုအပြီးတွင် လိုင်းခွဲနံပါတ် ၂ ကိုနှိပ်ပါ။

## သင်သည် ပန်းရောင်ကဒ်ပြားကိုင်ဆောင်သူ သို့မဟုတ် ထိုင်းနိုင်ငံနှင့်သင့်နိုင်ငံအကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာ(MOU)မှတဆင့် ခေါ်ယူခန့်အပ်ခြင်းခံရသူ ရွှေ့ပြောင်းလုပ်သားတစ်ဦး ဟုတ်ပါသလား။

သင်သည် ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မြန်မာ သို့မဟုတ် ဗီယက်နမ်တို့မှ MOU လုပ်သားဖြစ်ပြီး သင့်အလုပ်ရှင်သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းဖျက်သိမ်းရသူ သို့မဟုတ် လုပ်ငန်းလျှော့ချရသူဖြစ်ပါက သင်သည်အခြားအလုပ်ရှင်ထံတွင် ပြောင်းလဲလုပ်ကိုင်ခွင့်ရှိပါသည်။ သင်သည် သင့်နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ကို သက်တမ်းတိုးပိုင်ခွင့်ရှိပါသည် (အသေးစိတ်ကို အောက်တွင်ကြည့်ပါ)။

## သင်သည် အလုပ်အကိုင်ပြောင်းလဲရန် လိုအပ်နေပါသလား။

သင်နှင့်ချုပ်ဆိုထားသောစာချုပ်ကို အလုပ်ရှင်ဘက်မှ ရပ်ဆိုင်းလိုက်ကြောင်း အလုပ်ရှင်ထံမှ တရားဝင်စာတောင်းယူပါ။ သင့်အလုပ်ရှင်အသစ်သည် အလုပ်အကိုင်ရှာဖွေရေးရုံးတွင် သင့်အား မှတ်ပုံတင်စာရင်းသွင်းရာ၌ အဆိုပါ အထောက်အထားကို အသုံးပြုရမည်ဖြစ်ပါသည်။ အလုပ်ရှင်အသစ်နှင့်အတူ မှတ်ပုံတင်စာရင်းသွင်းရန် သင့်နိုင်ငံကူး လက်မှတ်နှင့်လက်ရှိအလုပ်လုပ်ကိုင်ခွင့် စာရွက် စာတမ်းများကို ယူဆောင်သွားပါ။

**အကြံပြုချက်**

သင်သည် အဆိုပါအထောက်အထား ကိုယ်ပိုင်စာရွက်စာတမ်း များကို ကိုယ်နှင့်တစ်ပါတည်း အမြဲဆောင်ထားရမည်ဆိုသည်ကို သတိရပါ။

# သင်သည် နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးမည်ကို စိုးရိမ်ပူပန်နေပါသလား။

ထိုင်းနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရွှေ့ပြောင်းလုပ်သားအုပ်စု(၄)မျိုးကို ၎င်းတို့ မူလမှတ်ပုံတင်ထားသော ဌာနများနှင့်ပင် ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ထိုင်းနိုင်ငံအတွင်း ဆက်လက်အလုပ်လုပ်ကိုင်ရန်နှင့် နေထိုင်နိုင်ရန်အတွက် သီးခြားအခြေအနေတစ်ရပ်အောက်တွင် ကင်းလွတ်ခွင့်ပေးထားပါသည်။ သင်သည် အဆိုပါအုပ်စုတစ်စုစုတွင်ပါဝင်နေပါက သင့်အလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးရန် ၃၁ အောက်တိုဘာ ၂၀၂၀ မတိုင်မီစာရင်းပေးသွင်းရပါမည်။ ပဉ္စမအုပ်စုဖြစ်သော ရွှေ့ပြောင်းလုပ်သားများ၏ မှီခိုမိသားစုဝင်များသည်လည်း ဆက်လက်နေထိုင်ခွင့်နှင့်အလုပ်လုပ်ကိုင်ခွင့်အတွက် မှတ်ပုံတင်ပိုင်ခွင့်ရှိနိုင်ပါသည်။

သင်သည် မှတ်ပုံတင်စာရင်းသွင်းပြီးထားသူဖြစ်ပါက သင့်အလုပ်ရှင်ထံတွင် အလုပ်အကိုင်ရှာဖွေရေးဦးစီးဌာနမှ ထုတ်ပြန်ထားသောအမည်စာရင်းရှိနှင့်ပြီးဖြစ်ပါလိမ့်မည်။ သင်သည် ထိုင်းနိုင်ငံတွင် သင်လက်ရှိအလုပ်လုပ်ကိုင်နေ သော အလုပ်ရှင်ထံ၌ ၂၀၂၂ ခုနှစ်၊ မတ်လအကုန်အထိဆက်လက်အလုပ်လုပ်ကိုင်နိုင်ရန် သင့်နိုင်ငံကူးလက်မှတ်၊ လက်ရှိ အလုပ်လုပ်ကိုင်ခွင့်တို့နှင့်အတူ သင့်အမည်ပါသောအမည်စာရင်းကိုသက်ဆိုင်ရာအာဏာပိုင်များထံသို့ တင်ပြနိုင်ပါသည်။ သို့ရာတွင် သင်သည် လက်ရှိအလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးသည့်လုပ်ငန်းစဉ်ကို ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာ ၃၀ နောက်ဆုံးထား၍ ပြီးမြောက်အောင်လုပ်ဆောင်ရမည်ဖြစ်ပြီး နေထိုင်ခွင့်ဗီဇာကိုလည်း နှစ်စဉ်သက်တမ်းတိုးရမည်ဖြစ်ပါသည်။ အကျုံးဝင်မှုနှင့် သက်တမ်းတိုးခြင်းဆိုင်ရာလုပ်ငန်းစဉ်အသေးစိတ်ကို အောက်တွင်ကြည့်ပါ -

**နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်အတွက် မှတ်ပုံတင်ရန်အကျုံးဝင်သော ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မှီခိုမိသားစုဝင်အုပ်စုများ -**

- အုပ်စု ၁ - ၄ နှစ်အလုပ်လုပ်ကိုင်ဖူးသော အကျုံးဝင်လုပ်သားများ - သင်သည် အလုပ်လုပ်ကိုင်ခွင့်ကို အများဆုံး ၂ နှစ်အထိ သက်တမ်းတိုးခွင့်ရှိပါသည်။ သင်ကိုင်ဆောင်ထားသော ပန်းရောက်ကဒ် (non-LA visa) ကိုလည်းတစ်နှစ်အထိသက်တမ်းတိုးနိုင်ပြီး သင့်အလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်ငံကူးလက်မှတ်သက်တမ်းရှိသည့်အချိန်အထိ နောက်ထပ်သက်တမ်းတိုးခြင်းများပြုလုပ်နိုင်သည်။
- အုပ်စု ၂ - အလုပ်ရှင်ပြောင်းခဲ့သော သို့မဟုတ် ပြောင်းရန်ကြိုးပမ်းနေသော အကျုံးဝင်လုပ်သားများ - သင်သည်အလုပ်ရှင်ပြောင်းလဲလိုက်ခြင်းကြောင့် သင့်အလုပ်လုပ်ကိုင်ခွင့်နှင့်နေထိုင်ခွင့်တို့သည် အကျုံးမဝင်တော့ပါက အလုပ်ရှင်အသစ်၏အကူအညီဖြင့် အလုပ်လုပ်ကိုင်ခွင့်နှင့်နေထိုင်ခွင့်တို့ကို အုပ်စု ၁ တွင် ဖော်ပြထားသကဲ့သို့ပင် သက်တမ်းတိုးနိုင်ပါသည်။
- အုပ်စု ၃ - ပန်းရောင်ကဒ်ကိုင်ဆောင်ထားသူများ - သင်သည်နိုင်ငံသားအတည်ပြုသည့်လုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီးသွားသော်လည်း နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၂၀၂၀၊ မတ်လ(၃၁)မတိုင်မီ အမည်စာရင်း မသွင်းရသေးပါက ၂၀၂၀၊ အောက်တိုဘာ ၃၁ မတိုင်မီအချိန်အထိ သင်၏ အလုပ်လုပ်ကိုင်ခွင့်ကို သက်တမ်းတိုးရန်ဆက်လက်လုပ်ဆောင်နိုင်ပါသည်။
- အုပ်စု ၄ - ရာသီအလိုက်နယ်စပ်ဖြတ်ကျော်လုပ်သားများ - သင်၏နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်မှာ သက်တမ်းကုန်ဆုံးနေပြီးသင်သည် ကိုဗစ်-၁၉ ကြောင့် ထိုင်းနိုင်ငံတွင်ပိတ်မိနေပါက သင့်နယ်စပ်ဖြတ်ကျော်ခွင့်ကို သက်တမ်းတိုးနိုင်ပါသည်။ တစ်ကြိမ်သက်တမ်းတိုးလျှင် ရက်ပေါင်း(၉၀) ရရှိမည်ဖြစ်ပြီး ၂၀၂၂၊ မတ်လ(၃၁)အထိ အကျုံးဝင်ပါသည်။
- အုပ်စု ၅ - (အုပ်စု ၁-၃ အတွင်းပါဝင်သော) ရွှေ့ပြောင်းလုပ်သားများ၏ မှီခိုမိသားစုဝင်များ - သင်သည် ရွှေ့ပြောင်းလုပ်သားတစ်ဦးဦး၏ မှတ်ပုံတင်ထားသောမိသားစုဝင်ဖြစ်ပြီး မကြာသေးမီက အသက် ၁၈ နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက် ၁၈ နှစ်ပြည့်သွားသူဖြစ်ပါက သင်ကိုယ်တိုင်နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင် ခွင့်လျှောက်ထားနိုင်ပါသည်။ သင်သည် ၂၀၂၀၊ အောက်တိုဘာ ၃၁ ရက်မတိုင်မီ သို့မဟုတ် ထိုနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုပါက သက်ဆိုင်ရာအလုပ်ရှင်ထံမှထောက်ခံစာ ရရှိအောင်လုပ်ဆောင်ထားရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မပြည့်မီ ရက်ပေါင်း ၆၀ အတွင်း နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်တို့ကိုလျှောက်ထားရမည်ဖြစ်သည်။

**အကျုံးဝင်သောရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မှီခိုမိသားစုဝင်များအတွက် နေထိုင်ခွင့်သက်တမ်းတိုးသည့်လုပ်ငန်းစဉ်**

- အုပ်စု ၁ (၄ နှစ် အလုပ်လုပ်ကိုင်ဖူးသော အကျုံးဝင်လုပ်သားများ)၊ အုပ်စု ၂ (အလုပ်ရှင်ပြောင်းခဲ့သော သို့မဟုတ် ပြောင်းရန်ကြိုးပမ်းနေသော အကျုံးဝင်လုပ်သားများ)နှင့် အုပ်စု ၃ (ပန်းရောင်ကဒ်ကိုင်ဆောင် ထားသူများ)တို့အတွက် နေထိုင်ခွင့်သက်တမ်းတိုးသည့်လုပ်ငန်းစဉ်မှာ -
  - (က) သင်သည် အနာကြီးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဆစ်ဖလစ်ရောဂါ၊ မူးယစ်ဆေးစွဲခြင်း၊ အရက်စွဲခြင်းနှင့်စိတ်ဝေဒနာကင်းရှင်းကြောင်းကို သတ်မှတ်ပေးထားသော ထိုင်းဆေးရုံတစ်ရုံမှ ဆေးစာရယူပါ။
  - (ခ) သင်သည် လူမှုဖူလုံရေးရန်ပုံငွေ(SSF)အတွက်အကျုံးမဝင်ပါက ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေးအာမခံအစီအစဉ်(MHIS) နှစ်နှစ်စာကို သတ်မှတ်ထားသောဆေးရုံများမှ ဝယ်ယူပါ သို့မဟုတ် သင်သည် SSF အတွက်အကျုံးဝင်သူဖြစ်ပါက သတ်မှတ်ထားသောဆေးရုံများမှ MHIS ၃ လစာကို ဝယ်ယူပါ။
  - (ဂ) Non-LA ဗီဇာကို ပြည်နယ်/ဘန်ကောက်အခြေစိုက် လူဝင်မှုကြီးကြပ်ရေးရုံးများတွင် ရယူပါ။
  - (ဃ) သက်ဆိုင်ရာပြည်နယ်/ဘန်ကောက်ရှိ အလုပ်အကိုင်ရှာဖွေရေးရုံးများဆိုင်ရာဦးစီးဌာနတွင် E-အလုပ်လုပ်ကိုင်ခွင့်ကဒ်ပြားကို ရယူပါ။

- သင်သည် အုပ်စု ၄ (ရာသီအလိုက် နယ်စပ်ဖြတ်ကျော်လုပ်သားများ) အောက်တွင်အကျုံးဝင်သောသူဖြစ်ပါက နေထိုင်ခွင့်သက်တမ်းတိုးသည့် လုပ်ငန်းစဉ်မှာ - အဆင့် (က) နှင့် (ခ) မှာ အုပ်စု ၁-၃ အတွက်ဖော်ပြထားသော အဆင့်များနှင့်အတူတူပင်ဖြစ်သည်။
  - (ဂ) နယ်စပ်ဖြတ်ကျော်ခွင့်သက်တမ်းတိုးနိုင်ရန် သက်ဆိုင်ရာပြည်နယ်/ဘန်ကောက်ရှိ DOE ရုံးတွင် ရောဂါကင်းရှင်းကြောင်းလက်မှတ်နှင့် ကျန်းမာရေးအာမခံတို့ကိုတင်ပါ။

- သင်သည် အုပ်စု ၅ (ရွှေ့ပြောင်းလုပ်သားတစ်ဦးဦး၏ မိသားစုဝင်ဖြစ်ပြီး မကြာသေးမီက အသက် ၁၈ နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက် ၁၈ နှစ်ပြည့်သွားသူ) အောက်တွင်အကျုံးဝင်သောသူဖြစ်ပါက နေထိုင်ခွင့်သက်တမ်းတိုးသည့် လုပ်ငန်းစဉ်မှာ - အဆင့်(က)နှင့် (ခ)မှာ အုပ်စု ၁-၃ အတွက် ဖော်ပြထားသော အဆင့်များနှင့်အတူတူပင်ဖြစ်သည်။
  - (ဂ) သက်ဆိုင်ရာပြည်နယ်/ဘန်ကောက်ရှိ DOE ရုံးတွင်လျှောက်လွှာတင်ပါ။
  - (ဃ) သက်ဆိုင်ရာပြည်နယ်/ဘန်ကောက်ရှိ DOE ရုံးတွင် E-အလုပ်လုပ်ကိုင်ခွင့်ကဒ်ပြားကို ရယူပါ။

# သင်ဟာ COVID-19 ကူးစက်ရောဂါကြောင့် အလုပ်အကိုင်ထိခိုက်မှုရှိသော ရွှေ့ပြောင်းလုပ်သားတစ်ဦးလား။ အပိုင်း (၃)

### သင်သည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားသောအချိန် ကာလအတွင်း လုပ်ကိုင်နိုင်မည့်လုပ်ငန်းများကို ရှာဖွေနေပါသလား။

သင်သည် ထိုင်းနိုင်ငံရှိကမ္ဘောဒီးယား၊ လာအို သို့မဟုတ် မြန်မာလုပ်သားတစ်ဦးဦးဖြစ်ပြီး သင်လုပ်ကိုင်နိုင်မည့် လုပ်ငန်းများကို ရှာဖွေနေသူဖြစ်ပါက ထိုင်းဘာသာစကား၊ အချက်အပြုတ်သင်တန်း၊ ညှပ်ကြိုသင်တန်း၊ ဆောက်လုပ်ရေးနှင့် IT ကျွမ်းကျင်မှု စသည်တို့ကဲ့သို့သော ကျွမ်းကျင်မှုသင်တန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူရန် PROMISE စီမံချက်သို့ ဆက်သွယ်ပါ။

### သင်သည် နာမကျန်းဖြစ်နေပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေပါသလား။

သင်မှတ်ပုံတင်ထားသော ဆေးရုံ သို့မဟုတ် ကျန်းမာရေးဌာနသို့သွားပါ။ လူမှုဖူလုံရေး သို့မဟုတ် ကျန်းမာရေး အာမခံကဒ်ပြားကို ထုတ်ပြပါ။ ကိုဗစ် ၁၉ ကြောင့် နာမကျန်းဖြစ်နေသောသူအားလုံးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၀ ခုနှစ်၊ မတ်လ( ၃ )ရက်နေ့ပါ ကြော်ငြာစာအတိုင်း အရေးပေါ်ဆေးကုသမှုကို ရရှိမည်ဖြစ်သည်။

## သင်သည် နောက်ထပ်သတင်းအချက်အလက်များနှင့် အကူအညီလိုအပ်ပါသလား။

စိတ်ချယုံကြည်ရသော နောက်ဆုံးရ သတင်းအချက်အလက်များရရှိရန်အတွက် သင့်အလုပ်ရှင်၊ သက်ဆိုင်ရာ သံရုံး သို့မဟုတ် ကောင်စစ်ဝန်၊ အလုပ်သမားများအသင်းနှင့် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ လုပ်ငန်းအဖွဲ့ (contact@mwgthailand.org) ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်ရယူပါ။

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အရေးပေါ်ဆက်သွယ်နိုင်ရန်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ဖွင့်လှစ်ထားသော ဖုန်းနံပါတ် ၁၄၂၂ ကိုဆက်ပြီး ခမာဘာသာစကားအတွက် လိုင်းခွဲ နံပါတ် ၈၁၊ လာအိုဘာသာစကားအတွက် လိုင်းခွဲနံပါတ် ၈၂၊ မြန်မာဘာသာစကားအတွက် လိုင်းခွဲနံပါတ် ၈၃ ကိုနှိပ်ပါ။ အဆိုပါဖုန်းလိုင်းများကို (စနေ-တနင်္ဂနွေရုံးပိတ်ရက်များနှင့်အစိုးရရုံးပိတ်ရက်များမှအပ) မနက် ၈ နာရီမှ ည ၈ နာရီ အတွင်း နေ့စဥ်ဖွင့်ထားပေးပါသည်။ ဖုန်းခေါ်ဆိုခကို ဖုန်းခေါ်ဆိုသူဘက်မှဒေသတွင်းကောက်ခံနေသောနှုန်းထား ဖြင့်ကျခံရမည်ဖြစ်ပြီး အဆိုပါဖုန်းများကို ထိုင်းနိုင်ငံအတွင်းရှိဖုန်းနံပါတ်များဖြင့်သာ ဆက်သွယ်နိုင်မည်ဖြစ်သည်။

## ထိုင်းနိုင်ငံတွင် ရရှိနိုင်သောဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ

၁။ **အလုပ်သမားသံအရာရှိရုံး၊ ကမ္ဘောဒီးယားသံရုံး**
လိပ်စာ - ၅၁၈/၄၊ ပရာချူသစ်လမ်း၊ ဝမ်သုန်လန်၊
ဘန်ကောက်၊ ၁၀၃၁၀ ဖုန်း - ၀၂-၉၅၇-၅၈၅၁-၂

၂။ **အလုပ်သမားသံအရာရှိရုံး၊**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး**
လိပ်စာ - ၅၂၀၊ ၅၀၂/၁၃၊ ဆဟာခမ်ပရာမွန်းလမ်း၊
ပရာချူသစ်လမ်း၊ ဝမ်သုန်လန်၊ ဘန်ကောက်၊ ၁၀၃၁၀
ဖုန်း - ၀၂-၅၃၉-၆၆၇၉

၃။ **အလုပ်သမားသံအရာရှိရုံး၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
လိပ်စာ - ၁၃၂၊ ဆသွန်းနွာလမ်း၊ ဘန်ကောက်၊ ၁၀၅၀၀
ဖုန်း - ၀၉၄-၈၈၄-၅၄၈၄

၄။ **ရွှေ့ပြောင်းလုပ်သားများလုပ်ငန်းအဖွဲ့**
အီးမေးလ် - contact@mwgthailand.org

၅။ **အလုပ်သမားဝန်ကြီးဌာန အရေးပေါ်ဖုန်း**
၁၅၀၆ သို့ခေါ်ဆိုပြီး ခမာ၊ လာအိုနှင့်မြန်မာဘာသာစကား ပြောဆိုသောဖုန်းလက်ခံသူနှင့်ပြောဆိုရန် လိုင်းခွဲ နံပါတ် ၂ ကိုနှိပ်ပါ။

၆။ **ရောဂါကာကွယ်ထိန်းချုပ်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ အရေးပေါ်ဖုန်း**
၁၄၂၂ သို့ခေါ်ဆိုပြီး ခမာဘာသာစကားအတွက်လိုင်းခွဲနံပါတ် ၈၁၊ လာအိုဘာသာစကားအတွက် လိုင်းခွဲနံပါတ် ၈၂ နှင့် မြန်မာဘာသာစကားအတွက် လိုင်းခွဲနံပါတ် ၈၃ သို့ ဆက်သွယ်ပါ။

၆. အိုင်အိုအမ် (ထိုင်းနိုင်ငံ)၊ ၁၈ လွှာ၊ Rajanakarn အဆောက်အဦ၊ Sathorn (တောင်)လမ်း၊ ဘန်ကောက်မြို့ ၁၀၁၂၀၊ ထိုင်းနိုင်ငံ
ဖုန်းနံပါတ် - (+၆၆) ၂ ၃၄၃ ၉၃၀၀ (ရုံးချုပ်) | အီးမေး လိပ်စာ - ThailandLHD@iom.int